ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ

ပြည်သူ့စစ်မှုထမ်းဥပဒေကိုပြင်ဆင်သည့်ဥပဒေ

( အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီဥပဒေအမှတ် ၅၁ / ၂၀၂၆ )

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂ ရက်)

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၂၇ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်သူ့စစ်မှုထမ်းဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ ၂ ပုဒ်မခွဲ(စ) ပုဒ်မခွဲငယ်(၃)၏ နောက်တွင် ပုဒ်မခွဲငယ်(၄)ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(၄) အစ္စလာမ်ဘာသာအတွက်ဖြစ်လျှင် မော်လဝီ၊ ဟာဖိဇ်၊ အီမန် အပါအဝင် သက်ဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးက အသိအမှတ်ပြုလက်မှတ် ကိုင်ဆောင်ထားသည့် အစ္စလာမ်ဘာသာ သာသနာ့ဝန်ထမ်း။"

၃။ ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ ၈ တွင် ပါရှိသော "ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ" ဆိုသည့်စကားရပ်ကို "သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးသည်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ